*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# သူဇာပျို့မှ ထူးခြားချက်များ

သက်မွန်အောင်[1]

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ရှေးကဗျာကဏ္ဍတွင် ပါဝင်သော သူဇာပျို့မှ ထူးခြားချက်များကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ အခြားပျို့များနှင့်မတူ သူဇာပျို့တွင်ပါဝင်နေသည့် ထူးခြားချက်များကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြစ်သည်။ အလေ့လာခံအဖြစ် ၁၉ဖ၈ ခုနှစ်တွင်ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်က ထုတ်ဝေသော ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့စာအုပ်ကို အသုံးပြုထားပါသည်။ သုတေသနမေးခွန်းမှာ သူဇာပျို့တွင် အခြားပျို့များနှင့် မတူသောထူးခြားချက်များ ရှိပါသလား ဖြစ်၍ သုတေသနပြဿနာမှာ သူဇာပျို့သည်ထူးခြားမှု ရှိ၊ မရှိဖြစ်သည်။ သုတေသန ပြုရာတွင် သုတေသန နည်းနာအဖြစ် အချက်အလက် စုဆောင်းထုတ်ယူ နည်း၊ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်း၊ အကဲဖြတ် သုတေသနနည်းတို့ကို အသုံးပြုထားပါသည်။ ပညာရပ်ဆိုင်ရာ နည်းနာအဖြစ် ဈေးဝေါဟာရ သဘော သဘာဝ၊ အင်ရုံရွာစား ဝန်ကြီးသီရိဥဇနာ၏ လောကဗျူဟာကျမ်း (အင်ရုံစာတမ်း)လာ နည်းနာများကို အသုံးပြုထားပါသည်။ သုတေသနပြုချက်အရ ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့တွင် ထူးခြားချက်များရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ပျို့ကဗျာ လေ့လာလိုသူတို့အတွက် အထောက်အကူ ပြုနိုင်ပါသည်။

**သော့ချက်ဝေါဟာရများ၊** ဈေး၊ အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော်အစီအရင်

## နိဒါန်း

မြန်မာစာပေတွင် ကဗျာနှင့်စကားပြေဟူ၍ နယ်ပယ်(၂)ခုရှိရာပျို့သည် ကဗျာနယ်ပယ် ရှေးကဗျာကဏ္ဍတွင်ပါဝင်သည်။ ဤစာတမ်းသည် သူဇာပျို့မှ ထူးခြားချက်များ စာတမ်းဖြစ်ပါသည်။ အခြားပျို့များနှင့်မတူ သူဇာပျို့တွင် ပါဝင်နေသည့် ထူးခြားချက်များကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် စာတမ်းပြုစုရခြင်းဖြစ်ပါသည်။ အလေ့လာခံအဖြစ် ၁၉ဖ၈ခုနှစ်တွင် ရန်ကုန်မြို့၊ ဟံသာဝတီ ပုံနှိပ်တိုက်က ထုတ်ဝေသော ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့ကို အခြေခံကာ လေ့လာတင်ပြပါမည်။

သို့ဖြစ်ရာ သူဇာပျို့တွင် အခြားပျို့များနှင့် မတူသော ထူးခြားချက်များ ရှိပါသလားဟူသည် ဤစာတမ်းအတွက် သုတေသနမေးခွန်း ဖြစ်လာခဲ့သည်။ သူဇာပျို့သည်ထူးခြားမှု ရှိ၊ မရှိဟူသည် သုတေသန ပြဿနာဖြစ်သည်။ ထို့နောက်သူဇာပျို့တွင် အခြားပျို့များနှင့်မတူ တစ်မူထူးခြားသည်ဟူသော အဆိုကြမ်းကို တင်သွင်းခဲ့ပါသည်။ အဆိုကြမ်းကို တင်သွင်းပြီးနောက် အချက်အလက် စုဆောင်းထုတ်ယူ နည်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်း၊ အကဲဖြတ်သုတေသနနည်းဟူသော သုတေသနနည်းနာများဖြင့် လည်းကောင်း၊ ဈေးဝေါဟာရသဘောသဘာဝ၊ အင်ရုံရွာစား ဝန်ကြီးသီရိဥဇနာ၏ လောကဗျူဟာကျမ်း(အင်ရုံစာတမ်း)လာ နည်းနာများဟူသော ပညာရပ်ဆိုင်ရာ နည်းနာများဖြင့် လည်းကောင်း အသုံးပြုကာ သုတေသနပြုထားပါသည်။ ဤစာတမ်းတွင် အခန်း ၁ နိဒါန်း၊ အခန်း ၂ စာပေလေ့လာ ဆန်းစစ်ချက်၊ အခန်း ၃ နည်းနာ၊ အခန်း ၄ လေ့လာတွေ့ရှိချက်၊ အခန်း ၅ သုံးသပ်ချက်ဟူ၍ အခန်း ၅ ခန်းခွဲကာ လေ့လာတင်ပြထားပါသည်။

---

[1] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

## ဝန်ကြီးပဒေသရာဇာ၏အတ္ထုပ္ပတ္တိအကျဉ်း

ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာသည် ကောဇာသက္ကရာဇ် ၁၀၃၄ ခုနှစ်တွင် နန်းတက်သော အင်းဝဘုရင်လက်ထက် အင်းဝမြို့၌ဖွားမြင်သည်။ စာဆို၏အဖိုးသည် စနည်းနေရာနေ ဝန်ထောက်တော် အရာရှိ၊ ရွှေကြပ်စား မှူးကြီးမတ်ရာတို့၏ အခေါင်အဖျားဖြစ်ကာ မိခင်ဖခင် သည် လည်း ဘုရင်ထံ၌ခစားရသော မင်းမှုထမ်းများဖြစ်သည်။ စာဆိုသည် စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီ ရောက်မင်းဟူသော မင်းဆက် (၃)ဆက်တိုင်အောင် အမှုထမ်းခဲ့သူဖြစ်သည်။

စနေမင်းလက်ထက်တွင် စုရေးစုကိုင်အဖြစ် ထမ်းရွက်၍ ကဗျာလင်္ကာများရေးဖွဲ့ခဲ့သည်။ တနင်္ဂနွေမင်းလက်ထက်တွင် လက်ဝဲရွှေတောင်ဘွဲ့နှင့် မန်ကျည်းတုံရွာကိုလည်းကောင်း၊ ဟံသာဝတီ ရောက်မင်း လက်ထက်တွင် အိမ်ရှေ့မင်း၏ အချီတော်အဖြစ်လည်းကောင်း၊ "ဘယကျော်သူ"ဘွဲ့ဖြင့် လည်းကောင်း၊ မင်းရဲမင်းလှ ကျော်ခေါင်ဘွဲ့နှင့် အသည်ဝန်ကြီးအဖြစ်လည်းကောင်း ချီးမြှင့်ခြင်း ခံရသည်။ ထို့နောက် နတ်ရှင်နောင်ဘွဲ့၊ ပဒေသရာဇာဘွဲ့များကိုလည်း ရရှိခဲ့သည်။

စာဆိုရေးဖွဲ့ခဲ့သော စာများမှာ သူဇာပျို့၊ မဏိကက်ပျို့၊ ကျေးဇူးတော်ပျို့၊ ယိုးဒယား သံရောက်ပျို့၊ ကုမ္မာဘယပျို့၊ သမုဒ္ဒဃောသပျို့၊ တောထွက်ခန်းပျို့၊ နန္ဒာသီရိပျို့၊ နုအူအူပျို့၊ ကြာနတ်ကေသာပျို့၊ မဟာပတိပျို့၊ နမောလင်္ကာပျို့၊ ဆန္ဒပြန်ပျို့ဟူသောပျို့များ၊ ချောင်းများ၊ ရတုများ၊ သီချင်းများ၊ ထန်းတက်သမား၊ လယ်သမား၊ ပိန်းကောလှေသမား စသူတို့၏ဘဝကို သရုပ်ဖော်ရေးဖွဲ့သော တျာချင်းများနှင့် မဏိကက်နန်းတွင်းဇာတ် စသည်တို့ဖြစ်သည်။ ယင်းတို့အနက် သူဇာပျို့သည် "စာနုကို လည်းမချစ်နှင့်၊ သူဇာကိုလည်းမပစ်နှင့်"ဟူ၍ မြန်မာစာပေသမိုင်း တွင် အထူးထင်ရှား သည်။

ထို့သို့ စာများစွာရေးဖွဲ့ခဲ့သော စာဆိုဝန်ကြီးပဒေသရာဇာသည် သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် သန်လျင်မြို့၌ ကွယ်လွန်ခဲ့ပြီးခန္ဓာကို သန်လျင်မြို့ ရှင်ပင်ကျိုက်ခေါက်စေတီတော်၏ ကုန်းမြင့် မြောက်ဘက်တွင် ဂူသွင်းထားရှိပေသည်။

## သူဇာပျို့ ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်

ဇေယျပူရပြည့်ရှင်ရာဇိန္ဒရာဇာမင်းကြီးနှင့် မိဖုရားခေါင်ကြီး နရိန္ဒဒေဝီတို့တွင် မဟာဥပရာဇာ ဟူသော သားရတနာတစ်ပါး ဖွားမြင်သည်။ အရွယ်ရောက်လာသောအခါ အိမ်ရှေ့အရာ အပ်နှင်းခဲ့ သည်။ ထိုမင်းသားသည် ဆင်စီးခြင်း၊ မြင်းစီးခြင်း၊ လေးမြားပစ်ခြင်း စသည်တို့တွင် တစ်ဖက်ကမ်းခတ် တတ်မြောက်လေသည်။

ဇေယျပူရပြည်၏ မြောက်ဘက်ရှိ မခုဇလရေကန်တွင် ဒီပစိတ္တမည်သော နဂါးမင်း ရှိသောကြောင့် တိုင်းပြည်တစ်ခုလုံး သာယာဝပြောသည်။ သို့ရာတွင် သုရမ္မပူရပြည်တွင်မူ အစာရေစာငတ်မွတ် ခေါင်းပါး နေသဖြင့် နဂါးမင်းကိုဖမ်းရန် သုရမ္မပူရပြည်သားတို့က ကြံစည်ကြသည်။ ထိုအခါ နဂါးမင်းကြီး ကို ဇေယျပူရပြည်သား ကက္ခလိစ္ဆမုဆိုးကကယ်တင်ခဲ့သည်။ တစ်နေ့တွင်မုဆိုးသည် သီတုဒက ရေကန်အနီး တွင် အမဲလိုက်ရန်ချောင်းနေစဉ် ကိန္နရီခုနစ်ဖော်တို့သည် ရေကစားရန် ရောက်လာကြသည်။ ဤသည်ကို မြင်သော မုဆိုးသည် အငယ်ဆုံးကိန္နရီမဖြစ်သည့် သူဇာမင်းသမီးကို နဂါးမင်းထံမှငှားထားသော နဂါးပတ် ကျော့ကွင်းဖြင့် ဖမ်းဆီးခဲ့သည်။ ထို့နောက် သူဇာမင်းသမီးကို အိမ်ရှေ့မင်းထံဆက်သရာ မင်းကြီးက

အိမ်ရှေ့မိဖုရားအဖြစ် သားတော်အိမ်ရှေ့မင်းနှင့် လက်ထပ်ထိမ်းမြားပေးခဲ့သည်။ မကြာမီ ရတနာပဋ္ဌ ဟူသော သားတော်တစ်ပါး ဖွားမြင်လေသည်။

တစ်နေ့တွင် ရာဇိန္ဒရာဇာဂုရုဘွဲ့ခံပုဏ္ဏားဏ်၏ အကောက်ကြံမှုကြောင့် မင်းကြီးကအိမ်ရှေ့မင်းကို စစ်တိုက်ထွက်ရန် စေလွှတ်ခဲ့သည်။ အိမ်ရှေ့မင်းစစ်ထွက်သွားသောနေ့တွင်ပင် မင်းကြီးသည် ရထားစီး၍ အထက်နတ်ပြည်သို့ တက်ရကြောင်း အိပ်မက်မြင်မက်သောအခါ ပုဏ္ဏားကမင်းကြီးအတွက် အသက် အန္တရာယ်ရှိသော အိပ်မက်ဖြစ်ကြောင်း၊ ခုနစ်ရက်တိုင်တိုင် သားရဲတိရစ္ဆာန်မျိုးစုံတို့ဖြင့် ယဇ်ပူဇော်ပွဲ ပြုလုပ်မှလွတ်မြောက်နိုင်ကြောင်း လိမ်လည်လျှောက်တင်ခဲ့သည်။ ထို့နောက် သူဇာကိုလိုက်လံဖမ်းဆီး ကြသောကြောင့် သူဇာမင်းသမီးသည် သားတော်ကို ထားရစ်ခဲ့ရရှာပြီး အသက်ဘေးမှ လွတ်အောင် ဟေမာဂီရိတောင်သို့ ပြန်သွားခဲ့ ရသည်။

အိမ်ရှေ့မင်းပြန်ရောက်လာသောအခါ သူဇာမင်းသမီးကို မတွေ့သဖြင့် အပူတပြင်းရှာလေသည်။ လိုက်ရှာရင်း ဟေမာဂီရိတောင်သို့ ရောက်သွားသောအခါ သူဇာ၏ခမည်းတော် မင်းကြီးသည် အိမ်ရှေ့မင်းကို ချက်ချင်းလက်မခံသေးဘဲ ကိန္နရီ(၇)ဖော်အနက်မှ သူဇာမင်းသမီးကို ရွေးခိုင်းသဖြင့် အိမ်ရှေ့မင်းက အဓိဋ္ဌာန်ခဲ့ရာ သိကြားမင်းက လိပ်ပြာဖန်ဆင်းပြီး ကူညီသဖြင့် ရွေးချယ်နိုင်ခဲ့လေသည်။ ဟေမာဂီရိတောင်တွင် ရတနာပုပ္ဖမည်သော သမီးတော်ဖွားမြင်ပြီးနောက် ဇေယျပူရပြည်သို့ ပြန်လာခဲ့ကြ သည်။ ထို့နောက် ထီးနန်းကို သားတော်ရတနာပဋ္ဌထံ အပ်နှင်းကာ သူဇာမင်းသမီးနှင့် အေးအတူပူအမျှ ပျော်ရွှင်စွာ နေထိုင်သွားကြလေသည်။

ဦးတည်ချက်မှာ ပုခက်တင်မင်္ဂလာ၊ အိမ်ရှေ့မင်းအပ်နှင်းသည့် မင်္ဂလာဟူသော မြန်မာ့ နန်းဓလေ့ အစဉ်အလာများကို သိရှိမှတ်သားနိုင်စေရန်နှင့် လောကတွင်ကြုံတွေ့ရမည့် သုခ၊ ဒုက္ခများကို သတိပြု ဆင်ခြင်မိစေရန် ဖြစ်သည်။

**စာပေလေ့လာဆန်းစစ်ချက်**

မြန်မာစာပေတွင် ကဗျာနှင့်စကားပြေဟူ၍ နယ်ပယ်နှစ်ခုရှိရာ ပျို့သည်ကဗျာနယ်ပယ်၊ ရှေးကဗျာကဏ္ဍတွင် ပါဝင်သည်။ ပျို့များတွင် ဇာတ်လမ်းပါသောပျို့နှင့် ဇာတ်လမ်းမပါသော ပျို့ဟူ၍ နှစ်မျိုးရှိသည်။ ဇာတ်လမ်းပါသော ပျို့များသည် အများအားဖြင့် ဘုရားဟောဗုဒ္ဓဝင်၊ ငါးရာ့ငါးဆယ် ဇာတ်များ ဇင်းမယ်ပဏ္ဏာသလာ ဇာတ်တို့ကိုအခြေခံ၍ ရေးဖွဲ့လေ့ရှိသည်။ ထိုသို့ရေးဖွဲ့ရာတွင် မူလ ဇာတ်ဝတ္ထုများကို ပို၍စိတ်ဝင်စားမှုဖြစ်စေရန် စာဆိုတို့၏ စိတ်ကူးဉာဏ်အလျောက် မွမ်းမံချဲ့ထွင် ရေးဖွဲ့တတ်ကြသည်။ ထို့ကြောင့် ပျို့များတွင် စာဆိုချဲ့ထွင်ထားသော ထူးခြားသည့် အပိုင်းများကို သိလိုစိတ်များဖြစ်ပေါ်ခဲ့ရာ သူဇာပျို့မှထူးခြားချက်များ စာတမ်းကို ပြုစုရခြင်း ဖြစ်သည်။

ယခုစာတမ်းပြုစုရာတွင် ဓမ္မာစရိယဦးစိုးမြင့်၏ ခေတ်မီဇင်းမယ်ပဏ္ဏာသ ဝတ္ထုတော်ကြီး စာအုပ် ကို ဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုစာအုပ်တွင် ဇင်းမယ်ပဏ္ဏာသလာ ဇာတ် ၅၀ကို ဆိုလိုရင်း မပျက်စေဘဲ တိတိကျကျ ရေးသားထားသည်။ သူဇာပျို့သည် ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရ ဇာတ်ကို အခြေခံ၍ ရေးဖွဲ့သောပျို့ဖြစ်သောကြောင့် ထိုစာအုပ်ထဲတွင် ပါဝင်သော သုဓနုကုမာရဇာတ်ကို ဖတ်ရှုခဲ့ပါသည်။

ထိုအခါ သုခနေကုမာရဇာတ်တွင် မပါဝင်ဘဲ စာဆိုမွမ်းမံချဲ့ထွင်ထားသည့် အပိုင်းများကိုသိရှိခဲ့ရာ လေ့လာချက် ရေးသားရာတွင် အထောက်အကူ ဖြစ်ခဲ့ပါသည်။

တစ်ဖန် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်းကို ဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုကျမ်းတွင် ရသ၊ ဒေါသ၊ ပျို့၊ ရတု၊ ချောင်း၊ မော်ကွန်း၊ ရကန်ရေးနည်းများ၊ စောင်းတီးနည်း၊ အကြောင်းတို့ကို အသေးစိတ် ရေးသားထားသည်။ ဤမှချောင်းရေးနည်း အကြောင်းကိုသိရှိရပြီး ဤစာတမ်းတွင် နည်းနာရေးသားရာ၌ များစွာအကျိုးဝင်ခဲ့ပါသည်။

ထို့နောက် ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းစာအုပ်ကို ဖတ်ရှုလေ့လာခဲ့ပါသည်။ ထိုစာအုပ်တွင် ခေတ်တစ်ခေတ်စီကို စာဆိုတို့၏ စာပေလက်ရာများနှင့် အသေးစိတ် ရေးသားထားသည်။ ထို့ပြင် ပျို့ဝေါဟာရ သဘောသဘာဝ၊ ချောင်းဝေါဟာရ သဘောသဘာဝစသည့် နည်းနာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြထားရာ ဤစာတမ်းတွင် နည်းနာအဖြစ် အသုံးပြုခဲ့ပါသည်။

ထို့ပြင်အင်ရုံရွာစား ဝန်ကြီးသီရိဥဇနာ၏ လောကဗျူဟာကျမ်း(အင်ရုံစာတမ်း)ကို ဖတ်ရှု လေ့လာခဲ့သည်။ ထိုစာအုပ်တွင် အိမ်ရှေ့မင်းထီးနန်းတက်သည့် အစီအရင်၊ သကြန်တော်ခေါ်သည့် အစီအရင်၊ လွှတ်တော်တက်သည့်အစီအရင် စသည်တို့အပြင် မင်းမှုထမ်းများ၏ အလုပ်အကိုင်၊ လစာငွေတို့ကို အသေးစိတ် မှတ်တမ်းတင် ရေးဖွဲ့ထားရာ ဤစာတမ်းရေးသားရာတွင် အကိုးအထောက်ပြုသည့်စာအုပ်အဖြစ် အသုံးဝင်ခဲ့ပါသည်။

ဆက်လက်၍ ဤစာတမ်းပြုစုနိုင်ရေးအတွက် သုတေသနကျမ်းများကိုလည်း ဖတ်ရှုလေ့လာခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့အတွက် မောင်ဆန်းလွင် တင်သွင်းသော သူဇာပျို့ စစ်တမ်းနှင့်အဖွင့်ကျမ်း၊ ၁၉၇၅ ခုနှစ် မန္တလေးတက္ကသိုလ် မဟာဝိဇ္ဇာဘွဲ့အတွက် မကြွယ်ကြွယ် တင်သွင်းသော ဝန်ကြီးပဒေသရာဇာ၏ ဘဝနှင့်စာပေကျမ်းတို့ကို ဖတ်ရှုလေ့လာခဲ့ရာ ဤစာတမ်းလေ့လာရာတွင် အဆင်ပြေလွယ်ကူခဲ့ပါသည်။

သို့ဖြစ်ရာ အထက်ပါ စာအုပ်များ၊ ကျမ်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် ယခုစာတမ်းပြုစုရာတွင် များစွာ အကျိုးကျေးဇူးရရှိခဲ့ပါသည်။

## နည်းနာ

သုတေသနတစ်ခု ပြုလုပ်မည်ဆိုလျှင် နည်းနာများသည် မိမိသုတေသနပြုတင်ပြလိုသော အချက်အလက်များ မှန်ကန်မှုရှိကြောင်း တင်ပြနိုင်ရေးအတွက် အထောက်အကူပြုသောကြောင့် အရေးပါသည်။ နည်းနာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာဟူ၍ နှစ်မျိုးရှိသည်။

### ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာ နည်းနာနှင့်ပတ်သက်၍ ချောင်းဝေါဟာရ သဘောသဘာဝ၊ အိမ်ရှေ့မင်း ထီးနန်းဥကင်ဖွင့် အစီအရင်များကို တင်ပြပါမည်။

ချောင်းဝေါဟာရ၊ သဘောသဘာဝနှင့်ပတ်သက်၍ တင်ပြရလျှင်ချောင်းတွင် ချောင်းနှင့် နားတော်သွင်းဟူ၍ နှစ်မျိုးရှိသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်းတွင်

> **ချောင်းဆိုသည်ကား မင်းမိဖုရားတို့၏ သားတော်သမီးတော်တို့ကို ဖွားမြင်တော် မူပြီး နောက် ပုခက်တင်မင်္ဂလာပြုသောအခါ ဘေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော်တို့သည် ဘုန်းသမ္ဘာ ကြီးရင့်တော်မူသည်နှင့် ထပ်တူထပ်မျှ အရှင်သည် လည်း ဘုန်းတော်သမ္ဘာ မင်္ဂလာရှိတော်မူလိမ့်မည့်အကြောင်း၊ နောက် နောင်းအစုအစဉ် ရာဇဝင်အကြောင်း ချင်းတသနစ်သနာကို သာယာချောင်စွာ "ကောရန္တ"ဖြင့် အဆုံးချလျက် စာဆိုပညာရှိတို့ ဖွဲ့နွဲ့စီကုံး၍ ကျူးရင့်သီဆိုသော ကဗျာအစပ်မျိုး ဖြစ်လေသည်။** (ကိုယ်တော်မှိုင်း၊ ၂၀၂၃၊ စာ ၃၃၂)

ဟူ၍ ရေးသားထားသည်။ ဦးဖေမောင်တင်က မြန်မာစာပေသမိုင်းစာအုပ်တွင်

> **မွေးဖွားသည့်နေ့ကစ၍ ပုခက်တွင်းအရွယ်ဖြစ်သော မင်းသားမင်းသမီးများကို ဖွဲ့ဆိုသော ကဗျာဖြစ်လျှင် ချောင်းဟူ၍ခေါ်၏။ ပုခက်တွင်းအရွယ်ကို လွန်သည်မှစ၍ အိမ်ရှေ့မင်း အဖြစ်တိုင်ရောက်သော မင်းသားကိုသော်လည်းကောင်း၊ တစ်ပင်တိုင်မင်းသမီးအဖြစ် တိုင်ရောက်သော မင်းသမီးကိုသော်လည်းကောင်းဖွဲ့ဆိုသော ကဗျာဖြစ်လျှင် နားတော်သွင်းဟူ၍ခေါ်၏။** (ဖေမောင်တင်၊ ၂၀၁၃၊ စာ ၁၀၆)

ဟူ၍ဖွင့်ဆိုထားသည်။ သူဇာပျို့တွင်ပါဝင်သော ချောင်းနှစ်ပုဒ်သည် ချောင်းအမျိုးအစားပင် ဖြစ်သည်။

ချောင်းတွင် ပါဝင်ရမည့်အချက်များနှင့်ပတ်သက်၍

> **(က) ဝတ္ထုပစ္စည်း သင်ခန်းစာ၌ကဲ့သို့ မင်းစဉ်မင်းဆက်ရာဇဝင် ဖြစ်စေရမည်။ (ခ) လေးလုံးစပ် ကဗျာသွားအတိုင်း စပ်ဆို၍ အဆုံး၌ စာမျက်နှာနံပါတ် ၂၄၇တွင် ပြခဲ့သော "ခိုင်ညွတ်ခက်ဖြာ" ခေါ် ၇လုံးချတစ်ပိုဒ်တည်းဖြင့်ဖြစ်စေ၊ သို့မဟုတ်၊ "အာသာဝတီ ဝတ်ဆံ"ခေါ် ၁၁ လုံးတပိုဒ်၊ "မဏိဥပည်း"ခေါ် ၁၅လုံးတပိုဒ်၊ ပေါင်း ၂ ပိုဒ်ဖြင့် ဖြစ်စေချ ရမည်။**
>
> **(ဂ) ၎င်း အဆုံးချရာ၌ "ကောရန္တ" သာလျှင် ဖြစ်စေရမည်။** (ကိုယ်တော်မှိုင်း၊ ၂၀၂၃၊ စာ ၃၃၃)

ဟူ၍ရေးသားထားသည်။ ထို့ကြောင့် ချောင်းဟူသည် ဘုရင်၏သားတော်၊ သမီးတော်တို့အတွက် ရည်ရွယ်ကာ ရေးဖွဲ့ထားသော၊ ရာဇဝံသဉာဏ်ကိုပေးစွမ်းသော၊ ကောရန္တဖြင့်ဆုံးသော ကဗျာဟုဆိုနိုင်ပေသည်။

ထို့နောက် အိမ်ရှေ့မင်း အပ်နှင်းမည့် အမိန့်တော်နှင့်ပတ်သက်၍ လောကဗျူဟာကျမ်းတွင်

> **အစီအရင်ကား ကေရာဇ်မင်းတို့ဝယ် သားကြီးသြရသသည် အရွယ်သို့ရောက်လျှင် သာသနာတော်ကိုညီ၍ ဆောင်ရွက်စိမ့်သောငှာ သားကြီးရတနာကို အိမ်ရှေ့အရာ ဆောက်နှင်းတော်မူ၍ သာသနာတော်ကိုညီ၍ ဆောင်ရွက်ရသည်။ ငါသည်လည်း သားတော်မည်သည် မြို့မင်းသည် သာသနာတော်ကိုညီ၍ ဆောင်ရွက်ရမည်၊ အရွယ် သို့ရောက်ပြီ၊ ရှေးကေရာဇ်မင်းတို့နည်း သားတော်မည်သည် မြို့မင်းကို အိမ်ရှေ့အရာ ဆောက်နှင်းတော်မူမည်။ မည်သည့်နေ့လကို အခါတော်ရသည်။ ဝန်တို့မှာ ရှေး ကေရာဇ်**

**မင်းတို့ သားတော်ညီတော်တို့ကို အိမ်ရှေ့အရာ ဆောက်နှင်းတော်မူသည်။** (သီရိဥဇနာ၊ ၂၀၀၁၊ စာ ၁၁)

ဟူ၍ရေးဖွဲ့မှတ်တမ်းတင်ထားသည်။ ဘုရင်မင်းမြတ်သည် မိမိ၏သားတော်ကို အိမ်ရှေ့မင်းအဖြစ် အပ်နှင်းမည့်အကြောင်းကို နန်းတော်တွင်းသာမက အဝေးမြို့ရွာများကိုပါ ကြိုတင်၍ အသိပေးထားလေ့ရှိကြောင်း၊ အခါတော်ရမည့် နေ့ရက်အချိန်တို့ကိုလည်းကြိုတင်၍ တွက်ချက်လေ့ရှိကြောင်းတို့ကို လုပ်ဆောင်ထားရပေသည်။

ထို့နောက် အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော်အစီအရင်နှင့်ပတ်သက်၍ ပြုလုပ်စီရင်ရသည့် အစီအရင်ကို အင်ရုံစာတမ်းတွင်

**မင်းသား မြင်းမှူးနေရာနေ၊ နေရာလွတ်နေ၊ နှီးခေါက်နေတို့မှာ လွှတ်တော်တွင်နေရာ စာရင်းအတိုင်း လျောင်းတော်ဦးတွင် နေရာခင်းသည်။ သည်ပြင်နေရာ မရသသူ အမည်ရ မြင်းကြီးမြင်းခေါင်း အမှုးအကြီးကျေးစားရွာစား စာရေးစာချီ သူဌေးသူကြွယ် တို့မှာ လက်ဆောင်တော်ကို ကိုယ်တိုင် အောက်ဆက် ဆက်ရသည်။ စော်ဘွားမြို့စား မြို့ဝန် စစ်ကဲတို့မှာလည်း လာလူတို့ အောက်ဆက်ဆက်ရသည်။ ဆက်ပြီးလျှင် လာလူတို့ လျောင်းတော်ဦးသို့ တက်နေရသည်။ အိမ်ရှေ့ အစည်ထုံးစံ ရှိသည်အတိုင်း မင်းသား မင်းမြေး မှူးတော်မတ်တော်တို့ကို စေ့နှံ့အောင် ဆော်၍ ဆက်စေရသည်။** (သီရိဥဇနာ၊ ၂၀၀၁၊ စာ ၂၉)

ဟူ၍ မှတ်တမ်းတင်ရေးသားထားသည်။ အိမ်ရှေ့မင်း ထီးနန်းတက်လျှင် အဝေးမြို့ရွာရှိ မြို့စားရွာစားများ၊ နန်းတော်အတွင်းရှိ အမှုထမ်းများက လက်ဆောင်တော်ဆက်သလေ့ရှိပုံကို ထုံးတမ်းအစဉ်အလာ တစ်ရပ်ကို ထည့်သွင်းလေ့ရှိကြောင်း မှတ်သားရသည်။

## သုတေသနနည်းနာ

သုတေသနတစ်ခု ပြုလုပ်တော့မည်ဆိုလျှင် မိမိပြုလုပ်သောသုတေသနသည် မှန်ကန်မှုရှိရန် အတွက် သုတေသနနည်းနာကို အသုံးပြုရပေမည်။

ဤစာတမ်းသည် သူဇာပျို့မှ ထူးခြားချက်များ ဖြစ်သည်။ သူဇာပျို့တွင် ထူးထူးခြားခြား ပါဝင်နေသည့် ပုခက်တင်မင်္ဂလာအခမ်းအနား၊ အိမ်ရှေ့မင်း၏ နန်းတက်မင်္ဂလာပြုလုပ်သည့် အစီအရင်တို့ကို ထုတ်နုတ်ရာတွင် ပထမဦးစွာအချက်အလက် စုဆောင်းထုတ်ယူနည်းကို အသုံးပြုထားပါသည်။ ထို့နောက် ထုတ်နုတ်ထားသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နည်းဖြင့် စိစစ်လေ့လာထားပါသည်။

သို့ဖြစ်ရာ သူဇာပျို့မှ ထူးခြားချက်များကို ပညာရပ်ဆိုင်ရာနည်းနာ၊ သုတေသနနည်းနာတို့ဖြင့် စိစစ်လိုက်သောအခါ သားတော်သမီးတော်တို့အတွက် ပုခက်တင်မင်္ဂလာ အခမ်းအနားတွင် ဖွဲ့ဆိုသော ချောင်းများ၊ အိမ်ရှေ့မင်း၏နန်းတက် မင်္ဂလာပြုလုပ်သည့် အစီအရင်တို့ကို ထူးခြားသည့် ဝိသေသများ အဖြစ် ပေါ်လွင်လျက်ရှိပါသည်။

## လေ့လာတွေ့ရှိချက်

သူဇာပျို့သည် ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရဇာတ်ကို အခြေခံကာရေးဖွဲ့ထားသည်။ ဤစာတမ်းသည် သူဇာပျို့မှ ထူးခြားချက်များဖြစ်သည်။ သူဇာပျို့တွင် အခြားပျို့များနှင့် မတူသော ထူးခြားချက်များ ဖြစ်သည့် ပုခက်တင်မင်္ဂလာအခမ်းအနားတွင် ရွတ်ဆိုရန်ချေင်းများနှင့် အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော် အစီအရင်ဟူ၍ (၂)ပိုင်းခွဲကာ လေ့လာတင်ပြပါမည်။

## ပုခက်တင်မင်္ဂလာအခမ်းအနားတွင် ဖွဲ့ဆိုသော ချေင်းများ

သူဇာပျို့တွင် မဟာဥပရာဇာမင်းသားနှင့် သူဇာမင်းသမီးတို့သည် သားတော်ရတနာပဒ္မ မင်းသား ကို ဦးစွာဖွားမြင်ခဲ့သည်။ စာဆိုသည် ဖတ်ရှုသူတို့အား ဗဟုသုတဖြစ်စေရန် အလို့ငှာ သားတော် ရတနာ ပဒ္မမင်းသားအတွက် ပြုလုပ်သည့် ပုခက်တင်မင်္ဂလာအခမ်းအနားတွင် ရွတ်ဖတ်ရန် ရတနာပဒ္မ ချေင်းကို ထည့်သွင်းရေးဖွဲ့ခဲ့သည်။ အပိုဒ် (၆၀)မှ (၇၂)အထိသည် ရတနာပဒ္မချေင်း ဖြစ်သည်။

ပုခက်တင်မင်္ဂလာအခမ်းအနား ကျင်းပမည့်ရက်တွင် သားတော်သည် စိန်၊ မြတို့ဖြင့် စီခြယ် ထားသည့် အရောင်အဝါတောက်ပသော လက်ကောက်၊ ခြေကျင်းများနှင့်လည်ပင်းတွင် ကျား လက်သည်းကို ဆင်ယင်ထားပါသည်။ ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသည့် ပုခက်၏ ကလက် ခြေတွင် ဘီလူး၊ နဂါး၊ ခြင်္သေ့ရုပ်များ ထုလုပ်ထားသည်။ လှပသော ပန်းခက်ပန်းနွယ်များ အကြားတွင် သန်လျက်ထမ်းသည့်ဟန် နတ်သားရုပ်ကိုထားရှိသည်။ တုရင်အဖျားတွင် မြမှန်ကင်းကို စိုက်ထူထား သည်။ ပုခက်၏ မျက်နှာကြက်တွင် အင်းကွက်ရေးဆွဲထားပြီး ကြမ်းအခင်း၌ ခြင်္သေ့၏အမွေးထက် နူးညံ့သော ကတ္တီပါကို ဆယ်ထပ်မျှ ခင်းကျင်းထားသည်။ ထိုသို့ စီရင်ခင်းကျင်းထားပုံကို

> **တုရင်ဖျားဝယ်၊ မြပြားညီမြိုက်၊ မှန်ကင်းစိုက်၏၊ မြင်းကိုက်အင်းကွက်၊ မျက်နှာ ကျက်လည်း၊ ပြိုးပြက်ရောင်ဖြာ၊ ကြမ်းမှာခင်းပေ၊ ခြင်္သေ့ရေတွက်၊ ဆယ်ထွေ ဆယ်ရည်၊ မွေးရှည်ညှံ့စွာ၊ ကတ္တီပါတည့်၊ အံ့ရာဖိုးကြီး၊ ဆယ်ထပ်နှီးသည်။ ။ မငြီးစက်မွေ့ပျော်ရာ တည်း။** (ပဒေသရာဇာ၊ ၁၉၆၈ ၊ စာ ၃၃- ၃၄)

ဟူ၍ရေးဖွဲ့ထားသည်။ မင်းမျိုးမင်းနွယ်ဖြစ်သော ရတနာပဒ္မမင်းသားလေး၏ ပုခက်တင်မင်္ဂလာ အခမ်းအနားတွင် အသုံးပြုမည့် ပုခက်သည် သာမန်ပုခက်မျိုး မဟုတ်ပေ။ မြန်မာမှုလက်ရာများဖြင့် အသေးစိတ် ဖန်တီးပြုလုပ်ထားသည့် ပုခက်ပင်ဖြစ်သည်။ မင်းသားလေး၏ ဂုဏ်နှင့် လိုက်ဖက်ညီစွာ ပြင်ဆင်ထားခြင်း ဖြစ်သည်။

ရတနာပဒ္မမင်းသား ပုခက်တင်အခမ်းအနားတွင် သီဆိုရန်ရေးဖွဲ့ထားသော ချေင်းတွင်ချေင်း သဘာဝအတိုင်း မင်းသားလေး၏ မင်းဆက်ရာဇဝင်ကို ဖွဲ့ဆိုပါသည်။ ရတနာပဒ္မမင်းသားလေး၏ ဘိုးတော်ဘက်မှ တော်စပ်သော နရိန္ဒရာဇာသည် သိကြားမင်း၏ သားဦးရတနာဖြစ်သည်။ ထိုသားဦး ရတနာမှ အစဉ်မပြတ်သော မြတ်သောမင်းဆက်ဖြစ်သည်။ ထိုမင်းဆက်မှ ဆင်းသက်လာသည့် မင်းသား လေး၏ဘိုးတော် ရာဇိန္ဒရာဇာသည် ဘုန်းတန်ခိုးထွန်းတောက်သောမင်းများတွင် မင်္ဂလာနှင့် ပြည့်စုံ သောမင်းဖြစ်သည့်အပြင် ဘိုးတော်၏ ဘုန်းတန်ခိုးသည် အနီးအဝေးသို့ လွှမ်းမိုးသူဖြစ်သည်။ ထို အကြောင်းကို

> **မြတ်ဆင့်ဆင့်ပွား၊ အညအားဖြင့်၊ များသည့်မင်းပေါင်း၊ ခြောက်သောင်းမျှစင်၊ ဣန္ဒာဝင်ဟု၊ ဥကင်စိုးမြန်း၊ စည်ပြီးထွန်း၏၊ ဘုန်းတန်းမချို့၊ ထိုမင်းတို့တွင်၊ မျှို့ မင်္ဂလာ၊ ညွန့်ဖြာဘုန်းသစ်၊ အဆုံးဖြစ်သား၊ ကေရာဇ်ထိပ်ပေါ်၊ ရှင့်ဘိုးတော်သည်၊ မည်ခေါ်တည့် ရာဇိန္ဒရာဇာ၊ ဘုန်းဝါတည့်နီးဝေး ရောင်လွှင့်ပြေး။ ။ ယောဉ်ချိုယဉ် ပျောင်းနဇ။**
> (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၃၅)

ဟူ၍ ဖွဲ့ဆိုထားသည်။ ချောင်းများသည် ရာဇဝံသဉာဏ်ကို ပေးစွမ်းလျက်ရှိရာ သူဇာပျို့တွင် ရတနာပဥ္စ မင်းသားလေး ဂုဏ်ယူဝံ့ကြွားနိုင်ရန် ဘိုးတော်မင်း၏ ဘုန်းတော်ကို ထည့်သွင်း ဖွဲ့ဆိုထားသည်။ ဤချောင်းတွင် မင်းသားလေးကို အိပ်ပျော်သွားအောင် ပြုလုပ်ရန်ထက် ဇာတိသွေး ဇာတိမာန် တက်ကြွလာအောင်ပြုလုပ်ရန် အလေးကဲကာဘုန်းတော်ဘွဲ့ကို အားပြုရေးဖွဲ့ထားကြောင်းထင်ရှားသည်။ သို့မှသာ မင်းသားအရွယ်ရောက်လာသောအခါ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးမည်ဖြစ်သည်။ ထို့ပြင် အပိုဒ်၏အဆုံး၌ "ယောဉ် ချိုယဉ်ပျောင်းနဇ" ဟု အဆုံးသတ်ထားရာ ချောင်းပီသမှုရှိပေသည်။

မင်းသားလေး၏ ဘိုးတော်သည်သာ ဘုန်းတန်ခိုးကြီးမားသူ မဟုတ်ပေ။ ဘွားတော် နရိန္ဒာ ဒေဝီသည်လည်း သိကြားမင်းမျိုးဆက်မှ ဆင်းသက်လာသူဖြစ်သည်။ ဘွားတော်သည် ငါးပါးသီလနှင့် ပြည့်စုံသည့်အပြင် ဣန္ဒြေငါးပါးနှင့်လည်း ပြည့်စုံသူဖြစ်သည်။ ရုပ်ဆင်းအင်္ဂါနှင့်ပညာတို့မှာ ပြိုင်ဖက် မရှိလောက်အောင် လှပပြည့်စုံလှသည်။ ထိုအကြောင်းကို

> **ဥကင်ထိပ်ပေါ်၊ တူစုံပျော်သည်၊ ဘွားတော်ထွတ်မြတ်မျိုးမြင့်လေ။ ။ ဣန္ဒဝင်စစ်၊ တဖြစ်တနွယ်၊ စင်ကြယ်လှစွာ၊ မည်တော်သာမူ၊ နရိန္ဒာဒေဝီ၊ ကျော်ထင်ညီသည်၊ သိင်္ဂီဩွေသား၊ ဘွားဘုရားကား၊ ငါးပါးဣန္ဒြေ၊ ငါးထွေသီလ၊ တည်ကြည်လှ၍၊ ရူပ လက္ခဏာ၊ ပညာဂုဏ်အင်၊ ဘက်မထင်သည်။ ။မြေပြင်တည့်မဆန့် ကျော်စောဝန့်၊ နတ်ဌာန့်တည့်ပျံ့မွှေး၊ အံ့ချီးကြွေး။ ။ ဧးယာဉ်ချိုယဉ်ပျောင်းနဇး။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၃၃၅)

ဟူ၍ရေးဖွဲ့ထားသည်။ ဘွားတော်ဖြစ်သူ နရိန္ဒာဒေဝီ၏ ဂုဏ်သတင်းသည် မြေပြင်တွင် မဆန့်သည့် အပြင် နတ်ပြည်ထိအောင် ပျံ့မွှေးလျက်ကာအားလုံးက အံ့သြချီးကျူးလျက်ရှိပုံကို "မြေပြင်တည့် မဆန့် ကျော်စောဝန့်၊ နတ်ဌာန့်တည့်ပျံ့မွှေး၊ အံ့ချီးကြွေး။" ဟူသောအဖွဲ့က ပေါ်လွင်စေပါသည်။ မင်းသား၏ ဘိုးတော်သည် ဘုန်းလက်ရုံးရည်တောက်ပသူ ဖြစ်သကဲ့သို့ ဘွားတော်သည်လည်း မိန်းမကောင်း မိန်းမမြတ်တစ်ဦးဖြစ်ကြောင်း သိစေလိုသောကြောင့် မင်းသားလေးနှင့် သွေးနီးသည့် ဘွားတော်၏ ဂုဏ်အရည်အချင်းကို ထည့်သွင်းဖွဲ့ဆိုထားခြင်း ဖြစ်သည်ဟုဆိုနိုင်ပါသည်။ ထိုချောင်းကို မင်းသားလေး နားထောင်ပြီး ဘွားတော်အတွက် ဂုဏ်ယူနေစေရန် ရွတ်ဆိုနေခြင်း ဖြစ်သည်။

မင်းသားလေး၏ ဘိုးတော်၊ ဘွားတော်တို့သာမက ခမည်းတော်၏ ဘုန်းတန်ခိုးနှင့် ပတ်သက်၍ မင်းသားလေး ဂုဏ်ယူစေရန် ရည်ရွယ်ရေးဖွဲ့ထားသည်။ ရာဇိန္ဒာရာဇာမင်းနှင့် နရိန္ဒာဒေဝီမိဖုရားတို့မှ မွေးဖွားလာသော မင်းသားလေး၏ ခမည်းတော်သည် အဌာရသဟူသမျှကို သူတကာတို့ထက် လွန်ကဲစွာ တတ်မြောက်သူဖြစ်သည်။ လေးအတတ်၌ လျှပ်တပြက်ကိုပင် မြား(၇)ချက်ဆင့်၍ လျင်မြန်စွာ ပစ်နိုင်ပါ

သည်။ ခမည်းတော်၏ မြားပစ်ချက်သည် နတ်ပြည်အနှံ့ ဖွေ့ဝိုက်လှည့်ပတ်၍ သမုဒ္ဒရာရေထဲမှ မြေကြီး၊ ထိုမှ ငရဲပြည်တိုင်အောင် ထုတ်ချင်းပေါက် ရောက်ရှိစေနိုင်ပါသည်။ ပြည်ထောင်မင်းအားလုံးတို့၏ ဦးထိပ်၌ ရွက်ထားရသူ၊ မဟာဝရဇိန်လက်နက်ကဲ့သို့ ဘုန်းလက်ရုံး တောက်ပသူဟူသောဂုဏ် သတင်းသည် အနီးအဝေးထိ ပျံ့နှံ့ ကျော်ကြားသူ ဖြစ်သည်။ ထိုအကြောင်း ကို

> **လျင်သည်လှပ်လှပ်၊ တပြက်လျှပ်ကို၊ ဆင့်ထပ်မြားဆက်၊ ခုနစ်ချက်စင်၊ ရွှေလက် ငင်လွှတ်၊ ပစ်မိတတ်လျက်၊ နတ်အပြည်ပြည်၊ နှံ့လည်ဝိုက်ရုတ်၊ သမုဒ္ဒရာ၊ ရေမှာ မြေထဲ၊ ငရဲထုတ်ချောက်၊ စေတိုင်းရောက်၍၊ ပတ်လျှောက်ပြည်ထောင်၊ မင်းကုန် အောင်တို့၊ ထိပ်ခေါင်ရွက်ကျိုး၊ ရှိပန်းကုံးသည်။ ။လက်ရုံးတည့်မဟာဝရဇိန်၊ လျှံထိန် တည့်နီးဝေး၊ ဖြာပြန့်ပြေး၊ ဧယာဉ်ချိုယဉ်ပျောင်းနူး။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၃၆)

ဟူ၍ဖွဲ့ဆိုထားသည်။ ခမည်းတော် မဟာဥပရာဇာမင်း၏ လက်ရုံးရည်အစွမ်းများအနက် လေး အစွမ်းကို အကျယ်တဝင့် ဖွဲ့ဆိုထားခြင်း ဖြစ်သည်။

ခမည်းတော်၏လေးအစွမ်းသည် ငရဲပြည်သာမက နတ်ပြည်ထိရောက်အောင် ပစ်လွှတ်နိုင်သော အစွမ်းရှိပုံကို "**နတ်အပြည်ပြည်၊ နှံ့လည်ဝိုက်ရုတ်၊ သမုဒ္ဒရာ၊ ရေမှာမြေထဲ၊ ငရဲ ထုတ်ချောက်၊ စေတိုင်းရောက်၍**" ဟူသောအဖွဲ့က ပေါ်လွင်စေပါသည်။ ဘုန်းလက်ရုံးရည် ဂုဏ်သတင်း ကျော်ဇောမှုမှာလည်း ဝရဇိန်လက်နက်ကဲ့သို့ဖြစ်ပုံကို **"လက်ရုံးတည့်မဟာဝရဇိန်၊ လျှံထိန်တည့်နီးဝေး၊ ဖြာပြန့်ပြေး**" ဟူသောအဖွဲ့က ပေါ်လွင်စေပါသည်။ ဤချောင်းသည် ပျို့တွင် ကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းရေးဖွဲ့ထား သောကြောင့် မင်းဆက်များကို အကျယ်မချဲ့ဘဲ ခမည်းတော်၏ ရဲစိတ်ရဲမာန် ဘုန်းတန်ခိုးတေဇာ အာဏာတော်များကို အဓိကထား ဖွဲ့ဆိုထားသောကြောင့် နားထောင်ရသူတို့၏ စိတ်၌ ရှုပ်ထွေးခြင်းမရှိဘဲ ရှင်းလင်းပြတ်သားစွာ နာယူနိုင်သည်။ ထိုသို့ဘိုးတော်၊ ဘွားတော်၊ ခမည်းတော်တို့၏ ဘုန်းတန်ခိုး တောက်ပပုံ၊ ကျော်စောပုံတို့ကို မင်းသားလေး နောင်တစ်ချိန်တွင် ဂုဏ်ယူစေရန်၊ အတုယူစေရန်၊ ဇာတိသွေးဇာတိမာန် တက်ကြွနေစေရန်အတွက် သူဇာပျို့တွင်ချောင်းအဖြစ် ထည့်သွင်းထားပုံမှာ ထူးခြားချက်အဖြစ် ထင်ရှားနေပါသည်။

မဟာဥပရာဇာမင်းသားနှင့် သူဇာမင်းသမီးတို့ ဖွားမြင်သော ဒုတိယမြောက် ရင်သွေးဖြစ်သည့် သမီးတော်ရတနာပုပ္ဖ ဖွားမြင်ခန်းတွင်လည်း ရတနာပုပ္ဖချောင်းကို ထည့်သွင်းရေးဖွဲ့ထားသည်။ အပိုဒ် (၂၂၅) မှ အပိုဒ်(၂၃၆)အထိသည် ရတနာပုပ္ဖချောင်း ဖြစ်သည်။ ရတနာပုပ္ဖချောင်းသည် ရတနာပဥ္စချောင်းနှင့် မတူပေ။ ရတနာပဥ္စချောင်းသည် ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေရန် ရည်ရွယ်ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ရတနာပုပ္ဖချောင်းသည် သမီးတော်လေး အိပ်စက်စေရန် ရည်ရွယ်ရေးဖွဲ့ထားခြင်း ဖြစ်သည်။

သမီးတော် ရတနာပုပ္ဖမင်းသမီးသည် မြပုခက်ထဲတွင် မအိပ်စက်သေးဘဲ ကလေးသဘာဝ လှုပ်ရှားလျက်ရှိသည်။ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပသော မိကြီးတော်ခြောက်ပါးတို့၏ အသားအရည်နှင့်လည်းမတူ၊ ပတ္တမြား၊ မြတို့ထက် အရောင်ထွန်းလင်းတောက်ပသော မင်းသမီးလေးမှာ မြပုခက်တွင်း၌ အေးဆေးစွာ အိပ်စက်၍မနေ၊ ဆော့နေသည်ကို ငေါက်ပါတော့ ဘုရား။ မင်းသမီးလေး သည် ဆော့ပြီးလျှင် အမျက်ဒေါသဖြင့် ရှိုက်ငိုတတ်ပါသည်။ တောင်ညာစံ အဘွား၏ မြေးလေးသည်

အေးဆေးစွာအိပ်ပါဟု ရံရွေတော်၊ အချီတော်၊ အချော့တော်တို့က စုဝေး၍ လျှောက်တင်နေကြပါသည်။ ထိုအကြောင်းကို

**ထိပ်ပန်းသလေး၊ မင်းကွေးလွေးမှာ၊ ဆေးလေးငြိမ်သက်၊ မြပုခက်တွင်၊ အိပ်စက် မနေ၊ ဆော့တော့စေကို၊ နေအောင်ကြွလှာ၊ ငေါက်ပါဘုရား၊ ထိပ်ဖျားတင်ကာ၊ နမ်းစရာပင်၊ နွဲ့ပင်လိုလို၊ ဆော့ပြီဆိုလျှင်၊ မျက်မိုဒေါ်သ၊ ရှိုက်တတ်လှချည့်၊ ဇောတ ရောင်ဖုံး၊ နီလာကုံးသို့၊ ဆံထုံးထိပ်မှာ၊ တင်စရာသည်၊ ကောင်းပါသည်ပင်၊ ထိပ်တင် ကွေးလွေး၊ မင်းသလေးသည်။ ။ ဆေးလေးတည့် စက်တော်ခေါ်ပရှင်၊ ညာတင်တည့် ဘုန်းမွေး၊ ဘွားတော်မြေး။ ။ ညီရေးစုဝေး၊ နွဲ့ရင်လေးသည်၊ ယဉ်ကျေးနုမွေး ချိုပျောင်းဇေး။ ။**
(ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၃၁)

ဟူ၍ ဖွဲ့ဆိုထားသည်။ ချောင်းသည် သားတော်၊ သမီးတော်များကို အိပ်ပျော်စေရန် ချော့သိပ်ရသော တေးဖြစ်ရာ ဤအဖွဲ့တွင် အထိန်းတော်၊ အချီတော်တို့က ရတနာပုပ္ပ မင်းသမီးလေး စက်တော် ခေါ်ရန် ချော့တစ်ခါ၊ ခြောက်တစ်လှည့် သီကျူးကာ ချော့သိပ်နေကြခြင်းဖြစ်သည်။ ထိုသို့ချော့သိပ်ရာတွင် မင်းသမီးလေးသည် မအိပ်ဘဲနေသောကြောင့် ခမည်းတော်က လာရောက်ငေါက်ပါဟု ပြောဆိုနေကြပုံကို "ငေါက်ပါဘုရား"၊ မင်းသမီးလေး အေးဆေးစွာ စက်တော်ခေါ်ပါဟု ပြောကြားနေပုံကို "စက်တော်ခေါ်ပရှင်" ဟူသော အပြောစကားတို့က ပေါ်လွင်စေပါသည်။ ချောင်းသည် ပုခက်တွင်းအရွယ် သားတော်၊ သမီးတော်တို့ကို ဖွဲ့ဆိုသောကဗျာ ဖြစ်ရာ ဤရတနာပုပ္ပချောင်းသည် ချောင်းသဘာဝအတိုင်း ဖွဲ့ဆိုထားကြောင်း ထင်ရှားသည်။ ချောင်းတစ်ပိုဒ်စီ၏ အဆုံးတွင်လည်း "ယဉ်ကျေးနုမွေး ချိုပျောင်းဇေး" ဖြင့် အဆုံးသတ်ထားသည်မှာ ချောင်းပီသမှုရှိပေသည်။

ရတနာပုပ္ပမင်းသမီးလေးသည် ကလေးသဘာဝ မအိပ်စက်ဘဲ ဆော့နေပြန်သည်။ ထိုအခါ အထိန်းတော်တို့က မင်းသမီးလေး အိပ်စေရန်အတွက် အမျိုးမျိုးအဖုံဖုံ ချော့မြူရပြန်သည်။ အထိန်းတော်တို့က မင်းသမီးလေး မအိပ်ကြောင်း ဘိုးတော်ဖြစ်သည့် ဟေမာဂီရိပြည့်ရှင်ကို သွားရောက်လျှောက်ထားလျှင် ဘိုးတော်က နာကျင်စွာ ရိုက်ပါလိမ့်မည်ဟု ခြောက်ကြပြန်သည်။ ထိုအကြောင်းကို

**သို့ကိုမဲ့ကို၊ စက်လိုဘဲပ၊ နွဲ့ယဆော့လှ၊ ပြန်ကာလေ။ ။ ဟေမာမည်မှတ်၊ ဂီရိ ထွတ်ဝယ်၊ နတ်ကိုအုပ်စိုး၊ အခေါင်မိုးလျက်၊ တန်ခိုးရောင်ထိန်၊ နေ့နှယ်ရှိန်၍၊ ဒေဝိန္ဒရာဇာ၊ မည်သာလွှံ့ပေါ်၊ ထိန်နှိထိန်နှိကျော်သည်၊ ဘိုးတော်ဘုရား၊ နတ် ထွတ်ဖျားကို၊ ရွှေနားကြားအောင်၊ ထိပ်ခေါင်ဖျားမှာ၊ ထားစရာသည်၊ ထိပ်ချာ သလေး၊ ကွေးလွေးပျံ့ပျူး၊ စူးစူးသွားရောက်၊ ပြေးတည့်လျှောက်လျှင်၊ ရွှေမှောက် ထွတ်တင်၊ ဖိုးရှင်ပင်သည်။ နာကျင်တည့်ရိုက်မည့် တကယ်သာ၊ စက်ပါတည့်လျင်ရေး ဖိုးရှင်မြေး။ ။ ညီရေးစုဝေး၊ နွဲ့ရင်လေးသည်၊ ယဉ်ကျေးနုမွေး ချိုပျောင်းဇေ။ ။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၃၁)

ဟူ၍ ရေးဖွဲ့ထားသည်။ မင်းသမီးလေးသည် ပုခက်ထဲတွင် အိပ်စက်ခြင်းမရှိဘဲ ကလေးသဘာဝ ကန္တဲ့ကလျဆော့နေပုံကို "သို့ကိုမဲ့ကို၊ စက်လိုဘဲပ၊ နွဲ့ယဆော့လှ၊ ပြန်ကာလေ" ဟူသောအဖွဲ့က ပေါ်လွင်စေသည်။ မင်းသမီးလေးသည် မအိပ်ဘဲရှိနေသောကြောင့် အထိန်းတော်တို့က အဘိုးဖြစ်သူ ဟေမာဂီရိ

ပြည့်ရှင်မင်းနှင့် တိုင်မည်ဖြစ်ကြောင်း လျှောက်ထားပုံကို "ဘိုးတော်ဘုရား၊ နတ်ထွတ်ဖျားကို၊ ရွှေနားကြားအောင်" ဟူသောအဖွဲ့၊ ဘိုးတော်ကမင်းသမီးလေးကို နာကျင်စွာရိုက်မည်ဖြစ်ကြောင်း လျှောက်ထားပုံကို "နာကျင်တည့်ရိုက်မည့် တကယ်သာ" ဟူသောအဖွဲ့တို့က ပေါ်လွင်စေပါသည်။ ထို့နောက် အဘိုးတော်ကသိလျှင် လာရိုက်မည်ဖြစ်သောကြောင့် မင်းသမီးလေး ယခုပင် လျင်မြန်စွာ အိပ်စက်ပါတော့ဟု အထိန်းတော်တို့က ရွတ်ဆိုနေကြပုံကို "စက်ပါတည့်လျင်ရေး ဖိုးရှင်မြေး" ဟူသောအဖွဲ့က ထင်ရှားစေပါသည်။

ချင်းသည် ရာဇဝံသဉာဏ်ကို ပေးစွမ်းသော ကဗျာတစ်ပုဒ်ဖြစ်သောကြောင့် ဘိုးတော်ဖြစ်သူ ဟေမာဂီရိပြည့်ရှင်သည် သာမန်မဟုတ်၊ ဟေမာဂီရိတောင်မှ နတ်အပေါင်းတို့၏အရှင် နေမင်းကဲ့သို့ ဘုန်းတန်ခိုး ထိန်လင်းသော မင်းကြီးဖြစ်ကြောင်းကို "နတ်ကိုအုပ်စိုး၊ အခေါင်မိုးလျက်၊ တန်ခိုးရောင်ထိန်၊ နေ့နှယ်ရှိန်၍၊ ဒေဝိန္ဒရာဇာ၊ မည်သာလွှံ့ပေါ်၊ ထိန့်ထိန့်ကျော်သည်" ဟူသောအဖွဲ့ဖြင့် ဖော်ဆောင်ထားသည်။ ထို့ကြောင့် မင်းသမီးလေး၏ ဘိုးတော်သည် သာမန်မင်း မဟုတ်၊ ဘုန်းတန်ခိုး ကြီးမားသည့်မင်း ဖြစ်ကြောင်း သိရှိရသည်။ ရတနာပုပ္ဖချင်းသည် မင်းသမီး ရတနာပုပ္ဖ အိပ်စေရန် ရည်ရွယ်ရေးဖွဲ့ထားရာ ချော့တစ်ခါ ခြောက်တစ်လှည့် သိပ်နေကြသော အထိန်းတော်တို့ကိုလည်းကောင်း၊ ကလေးသဘာဝ မအိပ်ဘဲ ကန္တ့ကလျဆော့ကစားနေသော မင်းသမီးလေးကိုလည်းကောင်း ထင်ထင်ရှားရှားပေါ်လွင်လျက်ရှိရာ ချင်းသဘာဝနှင့် ကိုက်ညီမှု ရှိကြောင်း တွေ့ရသည်။

ရတနာပုပ္ဖမင်းသမီးလေးအတွက် သီဆိုသောချင်းတွင် စာဆိုသည် ခမည်းတော်၊ မယ်တော်တို့၏ ဘုန်းတန်ခိုးတောက်ပပုံ၊ အမျိုးမြင့်မြတ်ပုံတို့ထက် ကလေးငယ်လေးကို အိပ်ပျော်စေရန်ရည်ရွယ်ကာ သဘာဝကျကျ ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ အကြောင်းမှာ ရတနာပုပ္ဖမင်းသမီးသည် မိန်းကလေး ဖြစ်သောကြောင့် ဘုန်းလက်ရုံးရည် တောက်ပပုံတို့ထက် အိပ်ပျော် စေရန် အဓိကထားကာ ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ရတနာပဥ္စမင်းသားမှာမူ ယောကျ်ားလေး ဖြစ်သောကြောင့် ရတနာပဥ္စချင်းတွင် ဘိုးတော်၊ ခမည်းတော်တို့၏ ဘုန်းတန်ခိုးတောက်ပပုံ၊ လက်ရုံးရည်ဖြင့် ပြည့်စုံပုံ၊ အမျိုးမြင့်မြတ်ပုံတို့ကို အဓိကထားကာ မင်းသားလေး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေရန် ဦးတည်ရေးဖွဲ့ထားသည်။ သူ့နေရာနှင့်သူ လိုက်လျောညီထွေရှိအောင် ရေးဖွဲ့နိုင်စွမ်းရှိသော စာဆိုဝန်ကြီးပဒေသရာဇာ၏ အရေးအဖွဲ့စွမ်းရည်ထက်မြက်မှု၊ စိတ်ကူးဉာဏ် ကောင်းမွန်မှုတို့မှာ ချင်းအဖွဲ့များတွင် ပေါ်လွင်လျက်ရှိသည်။ သို့ဖြစ်ရာ ပျို့ချည်းသက်သက်မဟုတ်ဘဲ ချင်းများကို သူ့နေရာနှင့်သူ ဆီလျော် လိုက်ဖက်စွာ ရေးဖွဲ့ထားခြင်းသည် သုဇာပျို့၏ ထူးခြားချက် တစ်ခုပင်ဖြစ်သည်။

## အိမ်ရှေ့မင်းအပ်နှင်းသော မင်းခမ်းတော် အစီအရင်

သုဇာပျို့သည် ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရဇာတ်ကို အခြေခံရေးဖွဲ့ထားသည်။ မူရင်းဇာတ်တော်မှ ဇာတ်လမ်းဇာတ်ကွက်များကို ကျောရိုးမျှသာယူထားပြီး အကျယ်ချဲ့ကာ ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ ထိုအထဲတွင် အိမ်ရှေ့မင်းအပ်နှင်းသော မင်းခမ်းတော်အစီအရင် သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုမင်းခမ်းတော်စာတမ်းကို ရေးဖွဲ့ရခြင်းမှာ နောင်လာနောက်သားတို့

မှတ်သားနည်းယူစေရန်အတွက် ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို **“ထိုယင်းအိမ်ရှေ့၊ စုံစေ့ပည်းဖြင်၊ စီရင်သီးသီး၊ စာတမ်းကြီးကို၊ နည်းမှီးနောင်လာ၊ မှတ်စိမ့်ငှါလျှင်၊ လင်္ကာ အကျယ်၊ စီကုံးသွယ်ပိမ့်၊ မကွယ်မလျို့၊ နောက်သားတို့ဝယ်။ ။ နောင်ဖို့သုံးလွယ် လျှင်၏တည်း။ ။”** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၅၂)ဟူ၍ ထည့်သွင်းရေးဖွဲ့ထားသည်။ အပိုဒ် (၂၆၈)မှ အပိုဒ် (၃၀၃)အထိသည် အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော်အစီအရင် ဖြစ်သည်။

မဟာဥပရာဇာမင်းနှင့် သူဇာမင်းသမီးတို့သည် သားတော်ရတနာပဥ္စနှင့် သမီးတော် ရတနာပုပ္ဖတို့ကို စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာပြုပေးပြီးနောက် သားတော်ရတနာပဥ္စအား အိမ်ရှေ့အပ်နှင်းလေသည်။ အိမ်ရှေ့မင်း အိမ်တော်တက်ရာတွင် အိမ်ရှေ့အိမ်တော်နှင့် ထိုက်တန်သည့် လက်ဆောင်တော်ဆက်သစေရန် အပြည်ပြည်ထောင်သော မင်းများ၊ စော်ဘွားများ၊ မြို့စားများ၊ စစ်ကဲ၊ မြို့ဝန်၊ တပ်မှူး၊ စာရေးတို့အား ထုံးပုံစာတမ်းဖြင့် မှတ်သားထားသည်များကို အထောက်အထားပြု စေ့စေ့စပ်စပ် ရွေးချယ်စီရင်ပါဟု ဘုရင်မင်းမြတ်က မိန့်တော်မူသည်။ သေနာပတိ၊ ဝန်ကြီးတို့က အမိန့်တော်ကို ပျော်ရွှင်စွာ ထမ်းရွက်ပြီး ဟံသာပူရမြို့အပါအဝင် မြို့စား၊ နယ်စား၊ သူကြီးတို့က လက်ဆောင်တော်များကို ဆက်မြဲအတိုင်း ဆက်သကြရသည်။

မြင်းသည်တော်တို့သည် အိမ်ရှေ့မင်း အိမ်တော်တက်ပြီး ကန်တော့ခံတော်မူမည့် အကြောင်းနှင့်ပတ်သက်၍ အမှာတော်ရေးက ရေးပေးသောစာကို မြို့စားငါးရာ၊ စော်ဘွားတို့ထံသို့ ရောက်အောင်ပို့ဆောင်ပေးရသည်။ အိမ်ရှေ့မင်း၏ ခြေတော်ရင်းတွင် အမြဲထမ်းဆောင်ရန်အတွက် မင်းသား၊ မြင်းမှူး၊ ကွန်းစင်နေ၊ လက်တွင်းနေ၊ လက်ပြင်နေနှင့် ခေါင်နေများကို လက်ပြင်မျိုးနွယ်အစဉ်အရ လေးဆယ်၊ ငါးဆယ်မျှ ခန့်၍ ကွမ်းရေတော်ကိုင်များ၊ တွင်းစား၊ ကျေးစားများ၊ မာရဘင်သင်းမှူး၊ သံတော်ဆင့်၊ သံခံများ၊ နေရာငါးသွယ်နေလည်းမရောက် နှီးခေါက်လည်းမကျသော ဘွဲ့မည်ရည် ရသူများ၊ ဒိုင်းမှူး၊ သင်းမှူး၊ သွေးသောက်ကြီး၊ အမြောက်မှူး၊ သူရဲတပ်မှူးများ၊ စာရေးစာချီ၊ ကျီတိုက်ဝန်၊ ကျီတိုက်စိုးစာရေးများ စသူတို့သည် အိမ်တော်တက်လက်ဆောင် ဆက်သရသည်။ ထိုအကြောင်းကို

> **စက်ရွှေတော်ရင်း၊ မကင်းရှိုငြား၊ မင်းသားမြင်းမှူး၊ ရာထူးတစ်ထွေ၊ ငါးသွယ်နေက၊ ခွဲဝေအသင့်၊ ကွန်းစင့်လက်တွင်း၊ မြော်တင်းဖန်ရင်၊ လက်ပြင်နေရာ၊ နှီးခေါက် မှာဖြင့်၊ စဉ်လာမျိုးနွယ်၊ လေးဆယ်ငါးဆယ်၊ တစ်သွယ်အနေ၊ ကွမ်းရေတော်ကိုင်၊ ရှိုင်ရှိုင်သဲသဲ၊ တွင်းမြဲကျေးစား၊ တခြားဆင်သည်၊ တတည်များဖြင်၊ မာရဘင် သင်းမှူး၊ ရာထူးပေါ်ထင်၊ ဝန်းကျင်တွင်းတန်း၊ မြေနန်းမလွတ်၊ သေနတ် သွေးသောက်ကြီး၊ ထံနီးမဝေး၊ သေရွှေး ရာသင့်၊ သံဆင့်သံခံ၊ ကုံထံကြီးငယ်၊ ငါးသွယ်မရောက်၊ နှီးခေါက်မကျ၊ မည်ရ တစ်ထောက်၊ နှီးခေါက်မနေ၊ ဖြိုးထွေ မြင့်ခေါင်၊ တစ်ကြောင်းဒိုင်းမှူး၊ သင်းမှူး မည်မှတ်၊ သေနတ်သွေးသောက်ကြီး၊ မြောက်ပြီးတစ်တန်၊ တပ်ကောင်ဟန်မှူး၊ အမြောက်မှူးနှင့်၊ ရာထူးမကွဲ၊ သူရဲတပ်မှူး၊ ထူးထူးခြားဝေး၊ စာရေးစာချီ၊ တိုက်ကျီ ကျော်ဟိုး၊ အစိုးစာရေး၊ မဝေးထံပါး၊ ထိုသူများက၊ ထွတ်ထားဘုန်းကျော်၊ အိမ်တော်တက်ခါ၊ ဆက်ရာ လက်ဆောင်** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၅၅)

ဟူ၍ရေးဖွဲ့ထားသည်။ နန်းတော်အမှုထမ်းတို့သည် မိမိတို့၏အရှင်သခင်ဖြစ်သော အိမ်ရှေ့မင်း အိမ်တော်တက်သည့် အခမ်းအနားတွင် ရာထူးအကြီးမှ အငယ်အတိုင်း လက်ဆောင်တော် ဆက်သရမြဲ ဖြစ်သည်။ ထိုသို့ဆက်သသသည့် အမှုထမ်းတို့၏ရာထူးကို အသေးစိတ်မှတ်တမ်းတင် ရေးဖွဲ့ထားရာ စာဖတ်သူတို့အတွက် ဗဟုသုတဖြစ်ဖွယ် မှတ်သားရသည်။ ထို့ပြင် ရှေးမြန်မာမင်းတို့ ဆောင်ရွက်လေ့ရှိသော အိမ်တော်တက်သည့် အခမ်းအနားအစီအစဉ်များကို အသေးစိတ်မှတ်တမ်းတင်ထားရာ မြန်မာမှု ဓလေ့နှင့်ပတ်သက်၍များစွာ အကျိုးကျေးဇူးရှိစေပါသည်။

ထို့နောက် မျိုးမည်သင့်လျော်သော သံတော်ဆင့်များ၊ သံခံများ၊ မှူးမတ်သား လူလွတ် များကို ရွှေလွှတ်တော်တွင် တက်စေဟု မိန့်တော်မူသည်။ လွှတ်တော်တွင် အိမ်ရှေ့နန်းလျာ အပ်နှင်းမည့်စာနှင့် များပြားလှသော လက်ဖွဲ့စာရင်းတို့ကို အမိန့်တော်ရေးတို့က ယွန်းဘောင်ပုရပိုက်တွင် အစဉ်လိုက်ရေးသားစေပြီး နားခံတော်သို့ အပ်နှင်း၍ ဆက်သွင်းစေသည်။ ထိုအကြောင်းကို

> **ထို့နောက်ဆင်သည်၊ မျိုးမည်လျော်သင့်၊ သံဆင့်ရည်သံ၊ သံခံရန်ငြား၊ မှူးသား မတ်သား၊ လူလွတ်များကို၊ ထင်ရှားလွှဲ့ပေါ်၊ ရွှေလွှတ်တော်မှာ၊ သာပျော် တက်နေ၊ မြဲးစွဲးစေဟု၊ ပရမေသိရိ၊ ဗျာဒိတ်ရှိ၏၊ ထိုပြီးလွှတ်တွင်၊ စီရင်သည်မှာ၊ မင်္ဂလာဖြိုးလွှေ့၊ အိမ်ရှေ့နန်းလျာ၊ နှင်းမည့်စာနှင့်၊ များစွာတိုင်းမဲ့၊ လက်ဖွဲ့ ပေးနှင်း၊ အင်းစာရင်းကို၊ မယွင်းစုဝေး၊ မိန့်တော်ရေးတို့၊ ချင့်ရွေးအရောင်၊ ယွန်ပေါင်ခြူးဂိုက်၊ ပရပိုက်တွင်၊ အင်းလိုက်သင့်ထွေ၊ ရေးစေပြီးသော်၊ နာခံတော်ကို၊ သာပျော်ရှိသေ၊ အပ်ပေခဏ၊ ဆက်သွင်းရ၏။**
> (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၅၆)

ဟူ၍ဖွဲ့ဆိုထားသည်။ အိမ်ရှေ့မင်း အိမ်တော်တက်ခြင်း၊ အိမ်တော်တက်ရာတွင် အနီးအဝေးရှိ မြို့စား၊ နယ်စား၊ ရွာစားအစရှိသူတို့က အိမ်တော်တက် လက်ဆောင်ပေးအပ်ခြင်း၊ လက်ဆောင်တော် ဆက်သသည့် လက်ဖွဲ့စာရင်းကို အမိန့်တော်ရေးတို့က ယွန်းဘောင်ပုရပိုက် တွင် မှတ်တမ်းတင်ရခြင်း၊ နားခံတော်ထံအပ်ရခြင်း စသည့်အဆင့်ဆင့်တို့ကို လုပ်ဆောင်ရကြောင်း မှတ်သားဖွယ်သိရှိရသည်။ နန်းတော်တွင်းရှိ အိမ်ရှေ့မင်းနန်းတက်သည့် အစီအရင်ကို အသေးစိတ်မှတ်တမ်းတင်ထားရာ နှောင်းလူတို့အတွက် မှတ်သားဖွယ်ရာဖြစ်သကဲ့သို့ မြန်မာမှု နန်းဓလေ့အစဉ်အလာတို့ကို သိမြင်လာရပါသည်။

အိမ်ရှေ့အပ်နှင်းမည့်စာတွင် ဘုရင်က မည်သည့်အတွက်ကြောင့် အိမ်ရှေ့အရာ အပ်နှင်းကြောင်းကို ရည်ရွယ်ချက်နှင့်တကွ ရေးသားထားသည်။ ထိုစာနှင့်ပတ်သက်၍ သူဇာပျို့တွင်

> **အိမ်ရှေ့နန်းလျာ၊ နှင်းမည့်စာကား၊ သမ္ဘာရင့်ထွတ်၊ ကြီးမြတ်လှစွာ၊ ဘုန်းပါရမီ၊ စုံညီပြည့်ဖြိုး၊ လက်ရုံးမိုး၍၊ တန်းခိုးအာဏာ၊ လွန်ကဲးစွာသည်၊ ရာဇာမျှားနတ်၊ ဘေးလောင်းမြတ်တို့၊ ဘုန်းထွတ်သာသနာ၊ ရောင်ဝါပလင်း၊ ထွန်းဝင်းစိမ့်ရော်၊ ကိုယ်တော်စီးပွား၊ တိုင်းကားပြည်သူ၊ လူတို့အပေါင်း၊ ချမ်းငြိမ်းကြောင်းကို၊ စုံပေါင်းညီညာ၊ ဆောင်စိမ့်ငှာလျှင်၊ ရတနာသည်းပွတ်၊ သားတော်မြတ်ကို၊ အထွတ်ဘုန်းဟော့၊ အိမ်ရှေ့ရာစင်း၊ နှင်းမြဲးဖြစ်သည်၊ ငါသည်လကောင်း၊ ဘေးလောင်းရာဇာ၊ ဥက္ကာမုခ၊ မင်းမှစ၍၊ သာကီယမျိုးဘော်၊ သားတော်မြေးဆက်၊ နန်းထက်အုပ်စိုး၊ မင်းရိုးမင်းသား၊ ဖြစ်သောအားဖြင့်၊**

> **တိုင်းကားနိုင်ငံ၊ သာစံပတ်ဝန်း၊ ထီးနန်းတကွ၊ မြတ်လှချမ်းသာ၊ မွေရိုက်ရာကို၊ သချာ ဆယ်ပါး၊ တရားညီစွာ၊ အချာထိပ်ခေါင်၊ အုပ်စိုးဆောင်လျက်** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၅၆၊ ပိုဒ်ရေ ၂၇၁)

ဟူ၍ ရေးဖွဲ့မှတ်တမ်းတင်ထားသည်။ ဘုန်းသမ္ဘာကြီးမြတ်သော ဘေးလောင်းတော်တို့သည် သာသနာ ရောင်ဝါ ထွန်းလင်းစေရန်လည်းကောင်း၊ ဘုရင်မင်းမြတ်၏ အကျိုးစီးပွားများနှင့် တိုင်းသူ ပြည်သားတို့၏ အကျိုးစီးပွား တိုးတက်၍ ငြိမ်းချမ်းသာယာစေရန် လည်းကောင်းရည်ရွယ်၍ အိမ်ရှေ့ အရာအပ်နှင်းခြင်း ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်။ ထို့ပြင် အိမ်ရှေ့မင်းသည် ဥက္ကာမုခမင်းမှစ၍ သာကီဝင်မင်းမျိုး၏ သားမြေးဖြစ်သောကြောင့် တိုင်းနိုင်ငံထီးနန်းနှင့်တကွ ခမည်းတော်၏ အရိုက်အရာကို မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်စိုးစေရန် ရည်ရွယ်ကာ အပ်နှင်းခြင်းဖြစ်သည်။ ဤမှ အိမ်ရှေ့မင်းသည် ဘုရင် မင်းမြတ်ပြီးလျှင် ဒုတိယအရေးကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သောကြောင့် တိုင်းသူ ပြည်သားတို့ကို မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်ရန် လိုအပ်ပြီး၊ သာသနာတော် စည်ပင်ထွန်းကားရန်အတွက် ကြံဆောင်ရမည် ဖြစ်သည်။ သို့မှသာမင်းမှစ၍ တိုင်းသူပြည်သားအဆုံး အေးချမ်းသာယာမည်ဖြစ်သည်။ ဘုရင်မင်းမြတ် သည် ရည်ရွယ်ချက်များစွာဖြင့် အိမ်ရှေ့မင်းကိုအပ်နှင်းသကဲ့သို့ အိမ်ရှေ့မင်းသည်လည်း ထိုရည်ရွယ်ချက် ကို အကောင်အထည်ဖော်ပေးရန် တာဝန်ရှိကြောင်း သိရှိမှတ်သားရပါသည်။

အိမ်ရှေ့အပ်နှင်းသောနေ့တွင် ဗြဲတိုက်တော်သို့ ဆော်ဩ၍ဝင်စေရမည်ဟု မင်းကြီးက အမိန့်တော် ရှိသည်။ မင်္ဂလာအခါတော်နီးသောအခါ မင်းကြီးသည် ကျောက်မျက်ရတနာအစုံ စီခြယ်ထားသော မင်းဝတ်တန်ဆာကို ဆင်လျက်ထွက်တော်မူလေသည်။ မင်းကြီးသည် ဗြဲတိုက်တော်ရှိ သလွန်ထက်တွင် စံပယ်နေခိုက် ဇေယျနော်ရထာအမတ်က မင်္ဂလာအခါတော်နှင့် ပြည့်စုံပါပြီဘုရားဟု လျှောက်ကြား ပြီးသော် ဝန်ကြီးမဟာသီဟကျော်ထင်အား အိမ်ရှေ့နှင်းမည့် စာကိုသာယာစွာ ဖတ်လျှောက်စေသည်။ ထိုအကြောင်းကို

> **ဇေယျနော်ရထာ၊ မည်သာကျော်ဂုန်း၊ တွင်းဝန်အမတ်၊ လွန်ရှိညွတ်လျက်၊ ကောင်းမြတ် ညွန့်ဖြာ၊ မင်္ဂလာကျော်၊ ခါတော်ယှဉ်ညီ၊ စုံပြီဘုရား၊ ထိပ်ထားရှိကြာ၊ လျှောက်သော ခါနိုက်၊ မဟာသီဟကျော်ထင်၊ ညွန့်ရှင်ဘုန်းမို၊ မောင့်ကိုအိမ်ရှေ့၊ စုံစေ့အင်္ဂါ၊ နှင်းမည့် စာကို၊ သာယာကျူးမြှောက်၊ ဘတ်၍လျှောက်ဟု၊ ရွှေမှောက် ဘုန်းထူ၊ မိန့်တော်မူသည်။ ။ ပျံ့ကြူမွှေးမျှဩဇာတည်း။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၆၂)

ဟူ၍ ရေးဖွဲ့မှတ်တမ်းတင်ထားသည်။ ဤတွင် အိမ်ရှေ့မင်းဖြစ်ရန် နန်းဓလေ့နှင့်အညီ တစ်ဆင့်ပြီး တစ်ဆင့် ဖြတ်သန်းရပြီး အခါတော်ရသည့်အချိန်တွင် အိမ်ရှေ့အပ်နှင်းသည့်စာကို ဖတ်လျှောက် ရကြောင်း သိရသည်။ ဤမှ ယနေ့ခေတ်တွင်လည်း အရေးကြီးသောပွဲများကို မင်္ဂလာ အခါတော် နှင့်အညီ အခါတော် ကျရောက်သည့်အချိန်တွင် ဆောင်ရွက်ကြမြဲဖြစ်ကြောင်း၊ ထိုဓလေ့သည် နန်းဓလေ့မှ ဆင်းသက်လာသည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့တစ်ခုပင် ဖြစ်ကြောင်း ထင်ရှားလျက် ရှိပေသည်။

အတွင်းဝန်အမတ်က အိမ်ရှေ့မင်းထံ စာဆက်သပြီးနောက် အိမ်ရှေ့မင်းသည် ပရိတ်နာဆက် ဆောင်သို့တက်ပြီး ဝန်မှူးအားခေါ်စေသည်။ ဝန်မှူးရောက်သောအခါ အိမ်ရှေ့မင်းက မည်သည့်အရေးကို

မည်သို့စီရင်သနည်းဟု မေးလေသည်။ ဝန်မှူးကဝင်းတော်၌ မှူးမတ်များနှင့် သွေးသောက်ကြီးကို ဝင်ထွက်ကြရမည့်အကြောင်း သာကြည်စွာ မေးမြန်းရမည်။ ဝင်းတံ၏အရပ် လေးမျက်နှာအတွင်းရှိ များစွာသော ကိုယ်ရံတော်တို့ ပျော်ရွှင်ရန် ဝါကျွတ်ပွဲသို့ မရောက်ခင် ပျော်ပွဲရွှင်ပွဲများကို ပြုလုပ်ရမည်။ မည်သူသည် ဆင်လုပ်မည်နည်းဟု မေးပြီးနောက် ဆင်ရပ် မည်မျှ တိုင်းရမည်ဟု မေးခြင်း၊ မရွေ့မဆိုင်းဘဲ ထုံးစံအတိုင်း ဝင်သည့်နည်းကို မေးမြန်းခြင်း၊ သာယာညင်းပြောင်းစွာ သီချင်းသီဆိုစေခြင်း၊ တီး၊ မှုတ်၊ ကစေခြင်းတို့ကို မိန့်ဆိုရမည်။ ဝင်းတော်လေးရပ်မှ ကိုယ်ရံတော်တို့အား ကြေးခွက်ဖြင့် လက်ဖက်ပေးစေဟု မိန့်ရမည်၊ ကျန်သည် တို့ကို အမြဲမမေ့၊ မမှားရန် မှာကြားသည်။ ထိုအကြောင်းကို

> **ရွှေဆင်လုပ်သည်၊ ဘယ်သူမည်ဟု၊ နူတ်ကြည်သာလေး၊ မေးပြီးတစ်ထပ်၊ ဆင်ရပ်မည်မျှ၊ တိုင်းရသည်ဟူ၊ မေးမြူကတည်၊ ရွှေ့မည်မဆိုင်း၊ ထုံးပိုင်း မှတ်ထင်၊ ဝင်သည့်နည်းမေး၊ ကျူးသောညင်း၊ သီချင်းသီစေ၊ မိန့်ပေသိပြီး၊ မှုတ်တီးကစေ၊ သံခြေမိန့်ဟ၊ သည်ပတထွေ၊ နေစေတော့ဟု၊ ပျံ့ကြူထွေငေါ်၊ ဝင်းတော်လေးရပ်၊ များထပ်လောက်ငံ၊ ကိုယ်ရံတို့အား၊ ချိန်များကြေးခွက်၊ လက်ဖက်ပေးစေ၊ သံခြေပျံ့ကြည်၊ မိန့်ရမည်သည်၊ မြဲတည် မမေ့မမှားတည်း။ ။** (ပဒေသရာဇာ၊ ၁၉၆၈၊ စာ ၁၇၄၊ ပိုဒ်ရေ ၂၉၁)

ဟူ၍ ရေးဖွဲ့ထားသည်။ အိမ်ရှေ့မင်းသည် တိုင်းပြည်ရေးရာသာမက ပျော်ပွဲရွှင်ပွဲများ ပြုလုပ် ရာတွင် အမှားမယွင်းမရှိစေရန်၊ စနစ်တကျ ဆောင်ရွက်ရန် မိန့်ကြားရကြောင်း၊ အမှုထမ်းတို့ကလည်း တာဝန်ပေးသည့်အလျောက် သေချာစွာ ထမ်းရွက်ရကြောင်း သိရှိလာရသည်။ ထို့ပြင် ကိစ္စတစ်ခု ပြီးမြောက်အောင် မြင်လျှင် လက်ဖက်ကမ်းလေ့ရှိသည့် အလေ့တစ်ခုကိုလည်း မြန်မာမှု ထုံးတမ်းစဉ်လာ ဓလေ့တစ်ခုအဖြစ် သိမှတ်ရပါသည်။ မင်းခမ်းတော် အဆောင်အယောင်၊ ဆောင်ရွက်ချက်တို့နှင့် ပတ်သက်၍ မှတ်သား ထိုက်သည့် ပျို့အဖြစ် ထင်ရှားလျက်ရှိပေသည်။

## သုံးသပ်ချက်

စာဆိုဝန်ကြီးပဒေသရာဇာသည် သူဇာပျို့ကို ရေးဖွဲ့ရာတွင် ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရဇာတ်ကို ဗဟုသုတများ၊ အဆုံးအမများဖြင့် ထည့်သွင်းကာ ကောင်းမွန်ပြောင်မြောက်အောင် ရေးဖွဲ့ခဲ့သည်။ မူလဇာတ်လမ်းကို ရေးဖွဲ့ရင်း လိုအပ်သည့်နေရာတွင် ချောင်းများ၊ မင်းခမ်းတော် အစီအစဉ်များကို ထည့်သွင်းရေးဖွဲ့ခဲ့ရာ နောင်းလူတို့အတွက် မှတ်သားထိုက်သော ပျို့အဖြစ် ထင်ရှားသည်။

ချောင်းများကို ရေးဖွဲ့ရာတွင် ရတနာပဥ္စချောင်းကို ချောင်း၏သဘောသဘာဝတို့ဖြင့် ရေးဖွဲ့ ခဲ့သည်။ ချောင်းအဖွဲ့ခံ မင်းသားလေး၏ ဆွေမျိုးများ ဘုန်းတန်ခိုးကြီးမားပုံ၊ အမျိုးမြင့်မြတ်ပုံ၊ လက်ရုံးရည် နှလုံးရည်တို့ဖြင့် ပြည့်စုံပုံတို့ကို အမွှမ်းတင်ရေးဖွဲ့ခဲ့သည်။ မင်းဆက်ရာဇဝင်တို့ကို ရှေးချောင်းများအတိုင်း ရေးဖွဲ့ထားသည်။ ရတနာပုပ္ဖချောင်းတွင်မူ မင်းသမီးလေး အိပ်ပျော်စေရန်အတွက် အဓိကထားကာ ရေးဖွဲ့ထားသည်။ ရတနာပဥ္စချောင်းတွင် ပါဝင်သော ဆွေးမျိုးများ၏ ဘုန်းတော်၊ ရာဇဝင်ကို အဓိက မထားဘဲ ရိုးရှင်းစွာရေးဖွဲ့ထားသည်။ ပျို့တွင်ချောင်းဟူ၍ သီးသန့်ထည့်၍ ဖွဲ့လေ့ မရှိသော်လည်း သူဇာပျို့တွင်မူ ဇာတ်လမ်းအကြောင်းအရာနှင့် လိုက်ဖက်သော ချောင်းနှစ်စောင်ကို ထည့်သွင်းရေးဖွဲ့ ထားရာ ပို၍ ပြည့်စုံ ကောင်းမွန်လာသည်။

ထို့အတူ အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော် အစီအရင်ကိုလည်း နောင်လာ နောက်သားတို့ မှတ်သားလိုက်နာ နည်းယူစေရန် ရည်ရွယ်ရေးဖွဲ့ထားသည်။ ထို့သို့ရေးဖွဲ့ထားသောကြောင့် သူဇာပျို့ သည် အခြားပျို့များနှင့်မတူဘဲ တစ်မူထူးခြားမှုရှိသည့် ပျို့အဖြစ်ပေါ်လွင်လာသည်။ မင်းခမ်းတော်အစီ အရင်ကို မြန်မာမှုထုံးတမ်းဓလေ့နှင့်အညီ စည်းစနစ်ကျစွာ ရေးဖွဲ့ထားသောကြောင့် ရှေးမြန်မာ မင်းတို့လက်ထက် ဆောင်ရွက်ခဲ့သော မြန်မာမှုအစဉ်အလာတို့ကို ဗဟုသုတဖြစ်ဖွယ် သိမှတ်ရ ပေသည်။ သို့ဖြစ်ရာ ချေါင်းနှစ်စောင်နှင့် အိမ်ရှေ့မင်း အပ်နှင်းသော မင်းခမ်းတော် အစီအရင်တို့သည် သူဇာပျို့တွင် ထူးခြားချက်များအဖြစ် ထင်ရှားလျက် ရှိပေသည်။

## နိဂုံး

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ် ကဗျာကဏ္ဍတွင်ပါဝင်သော သူဇာပျို့မှ ထူးခြားချက်များ ကိုလေ့လာထားသော စာတမ်းဖြစ်သည်။ သူဇာပျို့တွင် ထူးထူးခြားခြားပေါ်လွင်နေသည့် ချေါင်းနှစ်စောင် နှင့် အိမ်ရှေ့မင်းအပ်နှင်းသော မင်းခမ်းတော် အစီအရင်တို့ကို တင်ပြထားခြင်းဖြစ်သည်။ ပျို့ကဗျာနှင့် ချေါင်းကဗျာ လေ့လာလိုသူ၊ မင်းခမ်းတော် အစီအရင်တို့ကို လေ့လာလိုသူတို့အတွက် တစ်စိတ်တစ်ဒေသ အကျိုးပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။

## ကျမ်းကိုးစာရင်း


ကိုယ်တော်မှိုင်း၊ သခင်။ (၂၀၂၃)။ ***ကဗျာသာရတ္ထသင်္ဂြိုဟ်*** (တ ကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ပဒေသရာဇာ၊ ဝန်ကြီး။ (၁၉၆၈)။ ***သူဇာပျို့*** (တ ကြိမ်)။ ရန်ကုန်၊ ဟံသာဝတီစာအုပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၂၀၁၈)။ ***မြန်မာစာပေသမိုင်း*** (ဧကေ ဒသမကြိမ်)။ ရန်ကုန်၊ရာပြည့်စာအုပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၈)။ ***မြန်မာအဘိဓာန်*** (တတိယအကြိမ်)။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကား ဦးစီးဌာန။

သီရိဥဇနာ၊ ဝန်ကြီး (အင်ရုံရွာစား)။ (၂၀၀၁)။ ***လောကဗျူဟာကျမ်း (အင်ရုံစာတမ်း)*** (တ ကြိမ်)။ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီး ဌာန။